State of Michigan
Attorney General Dana Nessel

**အမြန်ထုတ်ဝေရန်-**
၂၀၂၀ ခုနှစ်၊ မတ်လ ၂၆ ရက်၊ ကြာသပတေးနေ့

**အရေးပေါ်သုံးစွဲသူသတိပေးချက်**

**ငွေပေးချေရန်လိမ်လည်တောင်းခံမှုများနှင့်ပတ်သက်သော ဖက်ဒရယ်လှုံ့ဆော်ချက်**

မီချီဂန်ရှေ့နေချုပ် Dana Nessel သည် ငွေပေးချေရန်လိမ်လည်တောင်းခံမှုများနှင့်ပတ်သက်သော ဖက်ဒရယ်လှုံ့ဆော်ချက် တွင် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အကျပ်ကိုင်တောင်းခံရန်ရည်ရွယ်ထားသော ဆိုးရွားသည့် လုပ်ရပ်များအတွက် သတိကြီးကြီးထားကြရန် မီချီဂန်နယ်သားများကိုတိုက်တွန်းသော အရေးပေါ်သုံးစွဲသူ သတိပေးချက်ကို ထုတ်ပြန်ခဲ့ပါသည်။

လိမ်လည်သူများသည် ကိုယ်ရေးအချက်အလက်များခိုးယူရန်အတွက် COVID-19 ကိုတုံ့ပြန်ရန် ဖက်ဒရယ် စီးပွားရေးဆိုင်ရာလျှော့ပေါ့မှုတစ်စိတ်တစ်ပိုင်းအဖြစ် ဖက်ဒရယ်အစိုးရအနေဖြင့် နိုင်ငံအနှံ့မှ လူသန်းပေါင်းများစွာထံ တစ်ကြိမ်တည်းသော ငွေပေးချေမှုများ ပေးပို့ပေးမည်ဟူသောသတင်းကို အသုံးပြုနေကြပါသည်။

ထောက်ပံ့ငွေပေးချေမှုဖြစ်သည့် $1200 ကို ချက်ခြင်းလက်ခံရယူရန်အတွက် PayPal၊ ဘဏ်အကောင့် သို့မဟုတ် အခြားသော ငွေကြေးဆိုင်ရာအချက်အလက်များကိုပြောပြပေးရန် တရားဝင်တောင်းဆိုသည့်ပုံစံဖြစ်အောင် လုပ်ထားသော ဝဘ်ဆိုဒ်မှ အီးမေးလ်များကို လက်ခံရရှိနေကြောင်း ဒေသခံများ၏ သတင်းပို့မှုများကို မီချီဂန်ရှေ့နေချုပ်ဌာနမှ လက်ခံရရှိပြီးဖြစ်ပါသည်။

သင့်ကိုငွေပေးချေမည့်အစိုးရထံမှဖြစ်ကြောင်း ပြောဆိုလာသည့်တစ်စုံတစ်ဦးထံမှ စာ၊ အီးမေးလ် သို့မဟုတ် ဖုန်းခေါ်ဆိုမှုကို လက်ခံရရှိပါက—**၎င်းကို မယုံကြည်လိုက်ပါနှင့်။** ထိုကဲ့သို့ ခိုးယူရန်ဖြစ်သော သွေးဆောင်လိမ်လည်မှုအတုများသည် သင်၏ ဘဏ်အကောင့်အချက်အလက်များကို မေးမြန်းတောင်းဆိုမည်ဖြစ်ကာ သင်၏ဘဏ်အကောင့်တွင်းသို့ အမေရိကန်ဒေါ်လာ ၁၀၀၀ သို့မဟုတ် ၎င်းထက်ပိုသောပမာဏကို တိုက်ရိုက်ထည့်ပေးမည်ဟု အလေးအနက် ပြောကြားပါလိမ့်မည်။

**သတိရှိရှိနေပါ- မည်သည့်အခြေအနေတွင်မဆို စာ၊ အီးမေးလ်၊ သို့မဟုတ် ဖုန်းမှတစ်ဆင့် သင်၏ ကိုယ်ရေးအချက် အလက်များကို မပေးလိုက်ပါနှင့်။**

**လိမ်လည်မှုဖြစ်ကြောင်း မည်ကဲ့သို့သိရှိနိုင်ပါမည်လဲ။**
**အောက်ဖော်ပြပါလက္ခဏာများကို သတိပြုပေးပါ-**

**ငွေပေးချေမှုအတွက် တောင်းဆိုမှုတစ်စုံတစ်ရာ။** ထောက်ပံ့ငွေပေးချေမှုကိုလက်ခံရယူရန်အတွက် စရန်ငွေပေးချေ မှုအပြင် ကုန်ကျစရိတ်၊ သို့မဟုတ် ကျသင့်ငွေတစ်စုံတစ်ရာ ပေးဆောင်ရန်မလိုပါ။ "ဝန်ဆောင်ခ" အပါအဝင် ငွေကြေးတစ်စုံတစ်ရာကို ပေးရန် အတွက် သင့်ကိုတောင်းဆိုမည်မဟုတ်ပါ။ ငွေကြေးတစ်စုံတစ်ရာတောင်းခံသော ဖက်ဒရယ်၊ ပြည်နယ်၊ သို့မဟုတ် ဒေသခံ အစိုးရမှဖြစ်သည်ဟု ပြောကြားလာသည့်တစ်စုံတစ်ဦးမှာ လိမ်လည်သူဖြစ်ပါသည်။ မည်သည့်နည်းလမ်းနှင့်မဆို ငွေပေး ချေရန်ပြောကြားလာသော ဆက်သွယ်မှုတစ်စုံတစ်ရာကို အကြောင်းမပြန်ပါနှင့်။ **မှတ်ထားပေးပါ-** ထောက်ပံ့ငွေပေးချေမှုကို လက်ခံရယူရန်အတွက် <u>ငွေပေးချေရန်</u> တောင်းဆိုသူများသည် လိမ်လည်သူများဖြစ်သည်။ ၎င်းတို့ကိုမယုံလိုက်ပါနှင့်။

**ကိုယ်ရေးကိုယ်တာ သို့မဟုတ် ငွေကြေးဆိုင်ရာအချက်အလက်များကို တောင်းဆိုမှုတစ်စုံတစ်ရာ။** အစိုးရသည် ရံပုံငွေပေးရန်အတွက် သင်၏လူမှုဖူလုံရေးနံပါတ်၊ ဘဏ်အကောင့်၊ သို့မဟုတ် ခရက်ဒစ်ကဒ်နံပါတ်တို့ကို အတည်ပြုစစ်ဆေးရန် သို့မဟုတ် မေးမြန်းရန် သင့်ထံ ဖုန်းခေါ်ဆို သို့မဟုတ် စာပို့မည်မဟုတ်ပါ။ ဖက်ဒရယ်အစိုးရဟုထင်ရသော အီးမေးလ်၊ စာ၊ သို့မဟုတ် ဝက်ဘ်စာမျက်နှာတွင် သင်၏ ကိုယ်ရေးကိုယ်တာ သို့မဟုတ် ငွေကြေးဆိုင်ရာအချက်အလက်များကို ထည့်သွင်း ခြင်းမပြုပါနှင့်။ လိမ်လည်သူများသည်သာ ရံပုံငွေပေးသော ထောက်ပံ့ငွေပေးချေမှုကိုလက်ခံရယူရန်အတွက် သင်၏ ကိုယ်ရေးအချက်အလက်များ – လူမှုဖူလုံရေးနံပါတ်များ၊ ဘဏ်အကောင့်နံပါတ်များ၊ ဒက်ဘစ်ကဒ်များနှင့် ခရက်ဒစ်ကဒ် များ၊ သို့မဟုတ် PINs – ကို တောင်းဆိုပါလိမ့်မည်။

**ထောက်ပံ့ငွေပေးချေမှုကိုလျှောက်ထားရာတွင် သင့်ကိုကူညီပေးရန်ကမ်းလှမ်းမှုများ။** ထောက်ပံ့ငွေပေးချေမှုကို လက်ခံရရှိရန် လျှောက်ထားခြင်းလုပ်ငန်းစဉ်ဆိုသည်မှာ လုံးဝမရှိပါ။ ဘဏ်မှတိုက်ရိုက် ငွေထည့်ပေးခြင်း သို့မဟုတ် သင်၏အိမ်ထံ ငွေပေးချေမှုစာရွက်ကိုပို့ပေးခြင်းမျိုးဖြင့် အလိုအလျောက်ငွေပေးချေမည်ဖြစ်ပါသည်။ ဤငွေသားကို လျှောက်ထားရန် အတွက် သင့်ကိုကူညီပေးနိုင်သည်ဟုပြောကြားသော မည်သူမဆိုမှာ လိမ်လည်သူဖြစ်ပါသည်။

**ထောက်ပံ့ငွေပေးချေမှုနှင့်ဆက်စပ်နေသည့် ခွင့်ပြုကြောင်းကမ်းလှမ်းချက်တစ်စုံတစ်ရာ။** မကောင်းမှုလုပ်သူများ သည် ရံပုံငွေကိုလက်ခံရယူရန် အထောက်အထားစစ်ဆေးအတည်ပြုခြင်း သို့မဟုတ် ခွင့်ပြုခြင်းမှတစ်ဆင့် မမှန်ကန်သည့် ထောက်ပံ့ငွေပေးချေမှုကိုလက်ခံရယူရန်အတွက် အပြန်အလှန်အနေဖြင့် ကိုယ်ရေးကိုယ်တာ သို့မဟုတ် ငွေကြေး ဆိုင်ရာအချက်အလက်များကို တောင်းဆိုထားသည့်မက်ဆေ့ခ်များကို ချန်ထားနိုင်ပါသည်။ မတူညီသောအခြားပုံစံများမှာ၊ လိမ်လည်သူများသည် သတ်မှတ်ထားသော ထောက်ပံ့ငွေပေးချေမှုပမာဏထက်ကျော်လွန်သည့် ငွေပေးချေမှုကို

ပေးမည်ဟုကတိပေးကာ အပြန်အလှန်အနေဖြင့် ငွေပေးချေမှုအနည်းငယ် သို့မဟုတ် ကိုယ်ရေးအချက်အလက်ကို တောင်းဆို ခြင်းဖြစ်ပါသည်။ ခွင့်ပြုငွေဆိုင်ရာကိစ္စရပ်မျိုး မရှိပါ။

အစိုးရထံမှဖြစ်သည်ဟုပြောဆိုလာသူတစ်ဦးဦးမှ ပေးပို့လာသည့် **ဖိုင်များ သို့မဟုတ် လင့်ခ်များကို လုံးဝ မဖွင့်မိရန်** လည်း သေချာပါစေ။ မက်ဆေ့ချ်ကို အကြောင်းမပြန်ဘဲ ချက်ခြင်းဖျက်ပစ်ပါ။

**ဖက်ဒရယ် ထောက်ပံ့ငွေပေးချေမှုအပါအဝင် သီးခြားငွေထုတ်ပေးမှုဆိုင်ရာ အသေးစိတ်အချက်များနှင့် စပ်လျဉ်းသည့် ပိုမိုတိကျသော အချိန်နှင့်တစ်ပြေးညီသတင်းအချက်အလက်များရရှိရန် IRS ဝဘ်ဆိုက်ထံတွင်သာ ကြည့်ရှုပေးပါ။**